## ရည်ရွယ်ချက်

★ အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့်ရုံးခွန်၊ တံဆိပ်ခေါင်းခွန်နှုန်းများနှင့် အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေပါ သတ်မှတ်ထားသော မိတ္တူကူးခများကို ရှင်းလင်းစွာ သိရှိနိုင်ရန်ဖြစ်ပါသည်။

## စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းအပေါ်အယူခံခြင်း

★ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ(ဂ)အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်လိုက်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလျှင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)အရ အောက်ပါသတ်မှတ်ချက်များနှင့်အညီ အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်ပါသည်--

❖ အယူခံတင်သွင်းရန်အတွက် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူလျှောက်လွှာပုံစံ ပတခ-၀၈-၀၄ ဖြင့် ပြန်လည်သုံးသပ်ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူမှန် (Certified Copy) လျှောက်ထားရယူခြင်း၊

❖ မိတ္တူလျှောက်လွှာတွင်လည်းကောင်း၊ မိမိလျှောက်ထားရယူမည့် တာဝန်ခံမိတ္တူမှန်ပေါ်တွင်လည်းကောင်း၊ ရုံခွန်အက်ဥပဒေအရ ထိုက်သင့်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ခြင်း၊

❖ တစ်ခုထက်ပိုသော အမှုများမှ စာရွက်စာတမ်းများကို ရယူလိုလျှင် အမှုတစ်မှုစီအတွက် သီးခြားလျှောက်လွှာတစ်စောင်စီဖြင့် လျှောက်ထားခြင်း။

## အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများ၏ မိတ္တူကူးခနှုန်းထားများ

★ ရိုးရိုးမိတ္တူဖြစ်စေ၊ တာဝန်ခံမိတ္တူ(Certified Copy)ဖြစ်စေ မိတ္တူကူးခများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

❖ မူရင်းအရွယ်အစားအတိုင်း တစ်မျက်နှာလျှင် (စာတစ်မျက်နှာ၏ အစိတ်အပိုင်းကို တစ်မျက်နှာဟု သတ်မှတ်ရန်) → ၅၀ ကျပ်နှုန်း

❖ အထူးနှုန်းဖြင့် ကောက်ခံထိုက်သော မြေပုံ၊ အဆောက်အအုံပုံနှင့် အခြား စာရွက်စာတမ်းများဖြစ်လျှင် မိတ္တူကူးခကို အရွယ်အစားနှင့် လုပ်အား စိုက်ထုတ်ရမှုတို့အပေါ် အခြေပြု၍ → ကြီးကြပ်သူအရာရှိက သတ်မှတ်သည့်အတိုင်း

❖ အလျင်အမြန်မိတ္တူကူးပေးရန်ဖြစ်လျှင် → သာမန်ကျသင့်သော မိတ္တူကူးခ၏ ငါးဆ



## ရိုးရိုးမိတ္တူ

★ ရိုးရိုးမိတ္တူဆိုသည်မှာ အခွင့်ရအရာရှိများက မိတ္တူကိုမူရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး၍ မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသော မိတ္တူဖြစ်၍ ယင်းမိတ္တူမျိုးလျှောက်ထားရာတွင် လျှောက်လွှာပေါ်တွင်လည်းကောင်း၊ မိတ္တူပေါ်တွင်လည်းကောင်း ရုံးခွန်ထမ်းဆောင်ရန် မလိုအပ်ပါ။ ယင်းမိတ္တူမျိုးမှာ သက်ဆိုင်ရာအခွန်ထမ်းက အကျိုးအကြောင်းသိလို၍ လျှောက်ထားသဖြင့် ထုတ်ပေးရသော မိတ္တူမျိုးဖြစ်၍ ယင်းမိတ္တူမျိုးကို တရားရုံး၊ အများပြည်သူဆိုင်ရာရုံးစသည့်များသို့ သက်သေခံတင်သွင်းခွင့် မရှိပါ။

## တာဝန်ခံမိတ္တူ

★ တာဝန်ခံမိတ္တူဆိုသည်မှာ ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်ထားသော မိတ္တူကိုဖြစ်စေ၊ ယင်းအက်ဥပဒေအရ ရုံးခွန်ကင်းလွတ်ခွင့်ရသည့် စာရွက်စာတမ်းဖြစ်၍ တံဆိပ်ခေါင်းကပ်ရန် မလိုသောမိတ္တူကိုဖြစ်စေ အခွင့်ရအရာရှိက မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးမှန်ကန်ကြောင်းနှင့် တာဝန်ခံမိတ္တူမှန်ဟူ၍ ရုံးတံဆိပ်ရိုက်နှိပ်ကာ တာဝန်ခံလက်မှတ်ရေးထိုးထားသော မိတ္တူကိုဆိုသည်။ ယင်းမိတ္တူမျိုးသာလျှင် တရားရုံး၊ အများပြည်သူဆိုင်ရာရုံးသို့ သက်သေခံအဖြစ် တင်သွင်းခွင့်ရရှိပါသည်။

## အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၄ပါအတိုင်း ရိုးရိုးမိတ္တူနှင့်တာဝန်ခံမိတ္တူနှစ်မျိုးလုံးတွင်လိုအပ်သည့်အချက်အလက်များ

★ မိတ္တူ၏နောက်ဆုံး စာမျက်နှာရှိ လွတ်သောနေရာ (သို့)သီးခြားစာရွက်တစ်ရွက်ပေါ်တွင် လိုအပ်သည့် အချက်အလက်များ–

❖ လျှောက်ထားသည့်ရက်၊

❖ တွက်ချက်ထားသောအခငွေကို လျှောက်သူသို့ အကြောင်းကြားသည့်ရက်၊

❖ အခငွေများ ပေးသွင်းပြီးနောက် အခွင့်ရအရာရှိထံ လျှောက်လွှာ ပြန်တင်သောရက်၊

❖ မိတ္တူထုတ်ပေးရန် အသင့်ဖြစ်သောရက်၊

❖ လျှောက်သူသို့ မိတ္တူထုတ်ပေးသောရက်၊

❖ ကျသင့်သည့် အခငွေ (စာ၊ ဂဏန်း နှစ်ရပ်ဖြင့် ရေးရန်)၊

❖ သက်သေခံလက်မှတ် အမှတ်စဉ်။



## ရုံးအဆင့်ဆင့်နှင့်သက်ဆိုင်သော စာမှတ်စာတမ်း၊ စာချုပ်စာတမ်းတို့အပေါ် ရုံးခွန်၊ တံဆိပ်ခေါင်းခွန် ထိုက်သင့်သည့်ဇယား

| စဉ် | စာမှတ်စာတမ်း၊စာချုပ်စာတမ်းအမျိုးအမည် | အခွန်အမျိုးအစား | နှုန်းထားဖော်ပြချက် |
|---|---|---|---|
| | **လျှောက်လွှာများ** | | |
| ၁ | ယဘုယျလျှောက်လွှာ | | |
| | (က) မြို့နယ်အခွန်ဦးစီးဌာနမှူးထံတင်ပြလျှင် | ရုံးခွန် | ကျပ် ၅၀ |
| | ( ခ ) ခရိုင်အခွန်ဦးစီးဌာနမှူးထံတင်ပြလျှင် | ရုံးခွန် | ကျပ် ၁၀၀ |
| | ( ဂ ) တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး (သို့) အခွန်ထမ်းကြီးများ/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးထံတင်ပြလျှင် | ရုံးခွန် | ကျပ် ၂၀၀ |
| | (ဃ) ဦးစီးဌာန/ရုံးချုပ်/အခွန်အယူခံခုံအဖွဲ့ | ရုံးခွန် | ကျပ် ၃၀၀ |
| | ( င ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ရုံးခွန် | ကျပ် ၅၀၀ |
| | စည်းကြပ်မှု၊ ပြင်ဆင်စည်းကြပ်မှုတို့နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများ/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်းခဲ့သည့်လျှောက်လွှာ | ရုံးခွန် | ကင်းလွတ်ခွင့်ရသည်။ (ရုံးခွန်အက်ဥပဒေ ပုဒ်မ ၃၅ အရ မြေနှင့် အခွန်ဌာနက ထုတ်ပြန်သည့် ၂၉-၉-၁၉၃၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၀၊ အပိုဒ် ၂၊ ခ၊ စဉ် ၃) |
| ၂ | **တာဝန်ခံမိတ္တူများ** | | |
| | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၂ အရ ညွှန်ကြားရေးမှူးချုပ်၏ စည်းကြပ်ဆုံးဖြတ်ချက် | ရုံးခွန် | - အခွန်သည် ကျပ် ၁၀၀၀၀၀ အထိ ဖြစ်လျှင် – ကျပ် ၅၀/<br>- အခွန်သည် ကျပ် ၁၀၀၀၀၀ ထက်ပိုပါက - ကျပ်၁၀၀/ |
| | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၄အရ ဒဏ်ကြေးငွေ စည်းကြပ်မှု ဆုံးဖြတ်ချက် | ရုံးခွန် | - အခွန်သည် ကျပ် ၁၀၀၀၀၀ အထိ ဖြစ်လျှင် – ကျပ် ၅၀/<br>- အခွန်သည် ကျပ် ၁၀၀၀၀၀ ထက်ပိုပါက - ကျပ်၁၀၀/ |
| | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဂ) အရ ပြန်လည်သုံးသပ်ခြင်းနှင့် | ရုံးခွန် | စာမျက်နှာတိုင်း (သို့) စာမျက်နှာ၏ အစိတ် |

| စဉ် | စာမှတ်စာတမ်း၊စာချုပ်စာတမ်းအမျိုးအမည် | အခွန်အမျိုးအစား | နှုန်းထားဖော်ပြချက် |
|---|---|---|---|
| | စပ်လျဉ်းသည့် ဆုံးဖြတ်ချက် | | အပိုင်းတိုင်းအတွက် ကျပ် ၅၀/ |
| ၃ | **စာရင်း၊ထွက်ဆိုချက်၊အစီရင်ခံစာစသည်တို့၏ တာဝန်ခံမိတ္တူများ**<br>မည်သည့်အခွန်ဆိုင်ရာရုံး၏ အခွန်ဆိုင်ရာ အမှုတွဲမှ စာရင်း၊ ထွက်ဆိုချက်၊ အစီရင်ခံစာ၊ နေ့စဉ်မှတ်တမ်း၊ သက်သေထွက်ဆိုချက်စသည်...... | ရုံးခွန် | စာမျက်နှာတိုင်း (သို့) စာမျက်နှာ၏ အစိတ်အပိုင်းတိုင်းအတွက် ကျပ် ၅၀/ |
| ၄ | **ကိုယ်စားလှယ်စာ၊ ကိုယ်စားလှယ်လွှဲ စာချုပ်များ**<br>(က) မြို့နယ်အခွန်ဦးစီးဌာနမှူးထံတင်ပြလျှင်<br>( ခ ) ခရိုင်အခွန်ဦးစီးဌာနမှူးထံ တင်ပြလျှင်<br>( ဂ ) တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး (သို့) အခွန်ထမ်းကြီးများ/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးထံတင်ပြလျှင်<br>(ဃ) ဦးစီးဌာန/ရုံးချုပ်/အခွန်အယူခံခုံအဖွဲ့<br>( င ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>တစ်ခုထက်ပိုသောကိစ္စများတွင် တွဲဖက်၍ဖြစ်စေ၊ ကိုယ်စီကိုယ်ငှဖြစ်စေ ဆောင်ရွက်ရန် သို့မဟုတ် အထွေထွေကိစ္စဆောင်ရွက်ရန် ၅ ယောက်ထက် မပိုသောသူတို့အား ကိုယ်စားဆောင်ရွက်ရန်အပ်နှင်းသည့် အထွေထွေကိုယ်စားလှယ်လွှဲစာစာချုပ် (General Power of Attorney)<br>ကိစ္စတစ်ရပ်တည်းကို ဆောင်ရွက်ရန် လူတစ်ဦးတည်းကိုဖြစ်စေ၊ အများကိုဖြစ်စေ ကိုယ်စားဆောင်ရွက်ရန်အပ်နှင်းသည့် အထူးကိုယ်စားလှယ်လွှဲစာ စာချုပ် (Special Power of Attorney) | <br>ရုံးခွန်<br>ရုံးခွန်<br>ရုံးခွန်<br><br>ရုံးခွန်<br>ရုံးခွန်<br>တံဆိပ်ခွန်<br><br>တံဆိပ်ခွန် | <br>ကျပ် ၅၀<br>ကျပ် ၁၀၀<br>ကျပ် ၂၀၀<br><br>ကျပ် ၃၀၀<br>ကျပ် ၅၀၀<br>ကျပ် ၁၀၀၀<br><br>ကျပ် ၃၀၀ |
| ၅ | **အယူခံလွှာ၊ ပြန်လည်သုံးသပ်ပေးရန် လျှောက်လွှာများ**<br>အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄ အရ ဦးစီးဌာန၏စည်းကြပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြန်လည်သုံးသပ်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံတင်ပြသည့် လျှောက်လွှာ<br>အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၅၇၊ ပုဒ်မခွဲ(ဈ) အရ အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်ကို ရုပ်သိမ်းပေးပါရန် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြသည့်လျှောက်လွှာ<br>အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၅ အရ အခွန်အယူခံခုံအဖွဲ့သို့တင်သွင်းသည့်အယူခံလွှာ<br>အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၉ အရ ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ လျှောက်လွှာ | <br>ရုံးခွန်<br><br>ရုံးခွန်<br><br>ရုံးခွန်<br>ရုံးခွန် | <br>ကျပ် ၃၀၀<br><br>ကျပ် ၃၀၀<br><br>ကျပ် ၅၀၀<br>ကျပ် ၅၀၀ |
| ၆ | **ခံဝန်ချုပ်များ**<br>ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၈(က) သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၂၇ အရ ပြည်ပသို့ ထွက်ခွာသွားမည့်သူအတွက် ၎င်းတာဝန်ရှိသည့် အခွန်ကို ပေးဆောင်ရန် စီမံသည့်လျော်ကြေးခံဝန်ချုပ်<br>စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည် သုံးသပ်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် တင်သွင်းသည့် ခံဝန်ချုပ် | <br>တံဆိပ်ခွန်<br><br>တံဆိပ်ခွန် | (က) အာမခံသည့်ငွေပမာဏမှာကျပ် ၁၅၀၀၀၀ ထက်မပိုလျှင် အာမခံငွေ၏ ၀.၅ ရာခိုင်နှုန်း<br>( ခ ) အခြားကိစ္စဖြစ်လျှင်ကျပ်၂၅၀၀<br>(က) အာမခံသည့်ငွေပမာဏမှာကျပ် ၁၅၀၀၀၀ ထက်မပိုလျှင်အာမခံငွေ၏ ၀.၅ ရာခိုင်နှုန်း<br>( ခ ) အခြားကိစ္စဖြစ်လျှင်ကျပ်၂၅၀၀ |



**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ်-၁၂၈/ ၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ဖုန်း-၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့်ပုံစံများ ကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့်ရုံးခွန်၊ တံဆိပ်ခေါင်းခွန်နှုန်းများနှင့် အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေပါ သတ်မှတ်ထားသော မိတ္တူကူးခများအကြောင်း သိကောင်းစရာများ




၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

**“Tax by the Law, Service by our Heart”**